မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 25, 2024 Volume 82, Number 17

၂၅.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၁၀ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဘိုကလေးမြို့နယ်၌ ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

ဘိုကလေးမြို့နယ်၌ပင်လယ်ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်မျိုးစုံကို စနစ်တကျ ထုပ်ပိုးရောင်းချလျက်ရှိပြီး စက်တင်ဘာလ ဒုတိယပတ်မှ လက်ရှိအချိန်ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

အဆိုပါဒေသမှထွက်ရှိသည့် ငါးကွမ်းရှပ်ခြောက်များ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ မှ ၃၅၀ အထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

''ပင်လယ် ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ စက်တင်ဘာလ ဒုတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။

ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဘက် က ဝယ်လိုအားကောင်းနေတာကြောင့်ပါ" ဟု ပြောသည်။

ဘိုကလေးမြို့နယ်မှ ငါးပိ၊ငါးခြောက်အပါအဝင်ဒေသထွက်ငါးကွမ်းရှပ်ခြောက်များကို ရန်ကုန်ဈေးကွက် သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ပြည်ပက ဝယ်ယူမှုများသဖြင့် မန္တလေးဈေးကွက်တွင် ပဲပုပ်(ဗမာ)အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် စက်တင်ဘာလ တတိယပတ်မှစ၍ ပဲပုပ်(ဗမာ) အရောင်းအဝယ် ကောင်းမွန်လျက် ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း တာဝန် ရှိသူ တစ်ဦး က ပြောသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပဲပုပ်(ဗမာ)များကို ယခုလက်ရှိတွင် တရုတ် နိုင်ငံနှင့် အိန္ဒိယနိုင်ငံဘက် က ဝယ်ယူမှုများ ရှိလာကြောင်း စက်တင်ဘာလ ဒုတိယပတ်က ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက် အတွင်း၌ အရောင်းအဝယ်အေးနေခဲ့ပြီး ယခုလက်ရှိ အရောင်းအဝယ် ကောင်းမွန်လျက် ရှိကြောင်း သိရသည်။

“ ပဲပုပ်(ဗမာ)ကုန်စည်ကတော့ မန္တလေးဈေးကွက်အတွင်းကော ပြည်ပကပါ အဝယ်တော်တော်လေး လိုက်လာတယ်။ ပြည်တွင်းမှာ ပဲပုပ်(ဗမာ) အရောင်းအဝယ် လုပ်တဲ့ ကုန်သည်တွေလည်း အလုပ်အကိုင် အဆင်ပြေနေပါတယ်။ နောက်ပိုင်းမှာလည်း ပဲပုပ်(ဗမာ)ဒီထက်အရောင်းအဝယ် ကောင်းမွန်လာဖို့ရှိနေပါတယ်”ဟု ပွဲစားကုန်သည်စက်ပိုင်များ (မန္တလေးကုန်စည်ဒိုင်) မဟာကထိန်တော်အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၃၀,၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ် ပြန်လည် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပဲပုပ်(ဗမာ)ကတော့ ပြည်တွင်းစားသုံးမှု အများဆုံးဖြစ်ပြီး၊ ပြည်ပ တင်ပို့မှုကတော့ အိန္ဒိယနဲ့ တရုတ်ဘက်ကို အများဆုံး တင်ပို့နေကြောင်း၊ အခုလတ်တလော ပြည်ပကုန်သည်တွေက မှာယူမှုများနေလို့ ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းမွန်လျက် ရှိကြောင်း သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားဂဏန်း ပိဿာချိန် ၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကျားဂဏန်း ပိဿာချိန် ၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ကျားဂဏန်း ပိဿာချိန် ၄၅,၀၀၀ ထိ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ အတွင်း ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါ ဒေသမှ ကျားဂဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

“ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲသို့ ပုံမှန်တင်ပို့ရောင်းချနေပါတယ်၊ ဩဂုတ်လ အတွင်း ကျားဂဏန်း ပိဿာချိန် ၆၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားဂဏန်းတွေကလည်း လတ်ဆတ်မှုနဲ့ အလေးချိန် ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်၊ လက်ရှိ ဩဂုတ်လထဲမှာ ကျားဂဏန်းတွေကို ရန်ကုန်ဈေးကွက် က ဝယ်ယူမှု များပြားနေပါတယ် “ ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောသည်။

ဖျာပုံမြို့နယ်မှာ တင်ပို့ရောင်းချခဲ့သည့် ကျားဂဏန်း အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၂,၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈,၅၀၀၊အကြီးတစ်ပိဿာလျှင် ၂၂,၀၀၀ မှ ၂၅,၅၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်းအပြောင်း အလဲ ရှိကြောင်း၊ အဆိုပါကျားဂဏန်းများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ရေလုပ်သားများ ၊ တစ်နိုင်တစ်ပိုင် အရောင်း အဝယ်လုပ်ငန်းရှင်များ၊ပွဲရုံပိုင်ရှင်များ ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းရှင်များ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ပြောင်းစိုက်ခင်းပျက်စီးမှုကြောင့် ပြောင်းဆန်ဈေးများ မြင့်တက်လာ

လက်ရှိ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြောင်းစိုက်ခင်းများ ရေမြုပ်ကာ ပြောင်းဆန်ဈေး များ ဈေးမြင့်တက်လာကြောင်း ဈေးကွက်မှ သိရသည်။

ရေကြီးမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းမှမြို့နယ်များရှိ ကျေးရွာများနှင့် အခြားဒေသရှိ ပြောင်း ဧက တော်တော်များများ ရေမြုပ်ပျက်စီးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံဈေးကွက်သို့ နှစ်စဉ် ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိသာ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရ၍ လက်ရှိ တင်ပို့မှု ရပ်နားနေရကြောင်းလည်း သိရသည်။

“ အခုက ထိုင်းကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုရပ်သွားပြီ၊ ဒီလိုချိန်ဆို ဈေးက အနည်းငယ်ကျလေ့ရှိတယ်။ အခုက ရေကြီးမှုတွေဖြစ်တော့ ပြောင်းစိုက်ခင်းတွေ ပျက်စီးတယ်။ သယ်ယူပို့ဆောင်ရေးတွေ ခက်ခဲပြီး အရင်လထက် ဈေးတက်လာ တယ် ” ဟု ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

ပြောင်းဈေးမှာ အတက်ဈေးဖြင့် ပုံမှန်ဈေးတန်းတစ်ခုတွင် ငြိမ်နေကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။

ယခင် ဩဂုတ်လ တတိယအပတ်က ရန်ကုန်ဘုရင့်နောင်ဈေးတွင် ပြောင်း တစ်ပိဿာလျှင် ၁၅၀၀ ကျော်သာရှိပြီး လက်ရှိ တွင် တစ်ပိဿာလျှင် ၁၇၅၀ကျပ် အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဒီနှစ်ရေကြီးတာက စိုက်ခင်းတွေတော်တော် ပျက်စီးဆုံးရှုံးတယ်၊ အရင်က ရေတက်ပြီး ရေကျရင် အပင်တွေ ကျန်ခဲ့တယ်။ တက်လဲခဏပဲ အခုက ရေကျသွားတော့ နုန်းတွေ ကျန်ခဲ့ပြီး စိုက်ခင်းတွေ မြုပ်ကုန်တယ်။ မြစ်၊ ချောင်းနဲ့နီးတဲ့ နေရာတွေမှာဆို လုံးဝကိုပျက်စီးတာ။ တချို့ဒေသတွေ ဧက ၁၀၀၀ မကဘူး ပျက်စီးမှုတွေရှိတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပြောင်းစိုက် တောင်သူတစ်ဦးကပြောသည်။

လက်ရှိ ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့မှုရာသီ ကုန်ပြီဖြစ်သည့်အတွက် ဈေးကွက်အတွင်း ပို့ကုန် ဝယ်လက်သမားများ၏ ဝယ်ယူမှုမှာလည်း ကျဆင်းလာနိုင်ကြောင်း သုံးသပ်ထားသည်။

လက်ရှိ ဈေးကွက်တွင် ပြောင်းအသစ်များ ပေါ်လာပါက ဈေးပြန်ကျဆင်းနိုင်ကြောင်း သုံးသပ်ထားကြောင်း သိရသည်။

မြန်မာ့ပြောင်းကို ယခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသို့ စတင် တင်ပို့နေကြပြီး တွက်ခြေမကိုက်သည့်အတွက် တင်ပို့မှု ရပ်နား ထားကာ ထိုင်းသို့ တင်ပို့မှု ရပ်သွားသည့်အတွက် ပြန်လည်တင်ပို့ရန် ကြိုးပမ်းမှုများလည်းရှိကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။


ယင်းအပြင် တရုတ်သို့ အထိုက်အလျောက်သွားမည်ဖြစ်ပြီး စင်ကာပူနိုင်ငံမှတဆင့်အခြားနိုင်ငံများသို့ အနည်းငယ် တင်ပို့မည်ဖြစ်ကြောင်းသိရသည်။

နှစ်စဉ် ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် ၂ ဒသမ ၃ သန်း နှင့် ၂ ဒသမ ၆ သန်းကြား ထွက်ရှိသည်။

**Source : (AMIA)**

https://htwettoe.com/download

## မြန်မာနိုင်ငံသားများက ထိုင်းနိုင်ငံရှိ ကွန်ဒိုများကို ၂၀၂၄ ပထမနှစ်ဝက်တွင် ဝယ်ယူမှုမှာ ၂၀၂၃ ခုနှစ် တစ်နှစ်လုံးဝယ်ယူမှုကို ကျော်လွန်ခဲ့




မြန်မာနိုင်ငံသားများက ထိုင်းနိုင်ငံရှိ ကွန်ဒိုများကို ၂၀၂၄ ပထမနှစ်ဝက်တွင် ဝယ်ယူမှုမှာ ၂၀၂၃ခုနှစ် တစ်နှစ်လုံး ဝယ်ယူမှုကို ကျော်လွန်ခဲ့သည်ဟု ဘန်ကောက်ပို့စ် သတင်းတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ထိုင်းဘတ်ငွေ ၃ ဒသမ ၂၄ ဘီလျံတန်ဖိုးရှိ ကွန်ဒိုအခန်းပေါင်း ၆၃၈ ခန်းအား မြန်မာနိုင်ငံသားများထံလွှဲပြောင်းပေးခဲ့ကြောင်း အိမ်ခြံမြေ သတင်းအချက်အလက်ဌာန (REIC) ၏ အစီရင်ခံစာတွင် ဖော်ပြထားချက်ကိုကိုးကားပြီးသတင်းတွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံသားများကို ကွန်ဒိုတိုက်ခန်းများ လွှဲပြောင်းပေးသည့် အရေအတွက်သည် ၂၀၂၂ ခုနှစ်တွင် ဘတ် ၂ ဒသမ ၅၅ ဘီလျံတန်ဖိုးရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဘတ် ၂၇၄ မီလျံ ရှိရာမှ မြင့်တက်လာခြင်း ဖြစ်သည်။

REIC ၏ ခေတ္တညွှန်ကြားရေးမှူးချုပ် Vichai Viratkapan က “နိုင်ငံခြားသားအားလုံးမှာ ကွန်ဒိုအပြောင်းအရွှေ့တွေ လက်ခံရရှိတဲ့ မြန်မာနိုင်ငံသားတွေဟာ ၂၀၂၂ ခုနှစ်မှာ ပထမအကြိမ် ထိပ်တန်း ၁၀ စာရင်းမှာ မြန်မာနိုင်ငံသားတွေဖြစ်တယ်လို့ သိရပါတယ်” ဟု ပြောသည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ကွန်ဒိုဝယ်ယူမှုတွင် တရုတ်၊ ရုရှား၊ အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံသားများရှိပြီး ယင်းတို့၏နောက်တွင် မြန်မာနိုင်ငံသားများက နံပါတ် ၆ နေရာတွင် ရပ်တည်ခဲ့သော်လည်း လွှဲပြောင်းပေးသည့် ကွန်ဒိုတန်ဖိုးအရ မြန်မာနိုင်ငံသားများသည် တရုတ်နှင့် ရုရှားဝယ်လက်များနောက်တွင် တတိယနေရာတွင် ရှိနေခဲ့သည်။

ပြီးခဲ့သည့်နှစ်တွင်မူ မြန်မာနိုင်ငံသားများမှာ တရုတ်၊ ရုရှားနှင့် အမေရိကန်နိုင်ငံသားများနောက်သို့ ရောက်ရှိခဲ့ပြီး စတုတ္ထအဆင့်သို့ မြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံသားများ၏ ကွန်ဒိုဝယ်ယူမှုတွင် တန်ဖိုးအားဖြင့် တရုတ်နှင့် ရုရှားနိုင်ငံသားများနောက်တွင် ရပ်တည်ခဲ့သည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင်မူ ရုရှားနိုင်ငံသားများကို ကျော်တက်ခဲ့ပြီး တရုတ်နိုင်ငံသားများနောက်သို့ မြန်မာနိုင်ငံသားများ ရောက်ရှိလာခဲ့ရာ နှစ်အတော်ကြာ ဒုတိယနေရာတွင်ရှိခဲ့သည့် ရုရှားနိုင်ငံသားများကို ကျော်တက်သွားခဲ့သည်ဟု ဘန်ကောက်ပို့စ် သတင်းတွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/

## ရုရှားတွင် ကော်ဖီဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်း

လက်ရှိတွင် ရုရှားနိုင်ငံ၌ အာရေးဗီကာကော်ဖီ(Arabica)၏ ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ ဝန်းကျင်သို့ ရောက်ရှိနေပြီး ၁၃ နှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လတွင် ကော်ဖီအဓိကထုတ်လုပ်သော ဘရာဇီးနိုင်ငံ၌ ရာသီဥတု ဆိုးဝါးမှုကြောင့် ကော်ဖီဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ အာရေးဗီကာနေရာ၌

ရိုဘတ်စတာ(Robusta)ဖြင့် အစားထိုးရန် ကြိုးပမ်းမှုကြောင့်လည်း အာရေးဗီကာ ဈေးနှုန်းကို မြင့်တက်စေကြောင်း ရုရှား လက်ဖက်ခြောက်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း “Roschaykofe” ၏ ဥက္ကဋ္ဌ Mr. Ramaz Chanturia က ပြောသည်။

ယခုအခါ ကမ္ဘာ့ကော်ဖီဈေးနှုန်းများ ကြီးမြင့်သည့် အခြေအနေတွင်ရှိနေပြီး ကုန်ကြမ်းစရိတ် ကြီးမြင့်မှုဆီသို့ ဦးတည်နေသည့် အလားအလာမှာ ထင်ရှားနေကြောင်း၊ ယင်းကြောင့် ကော်ဖီကုန်ကြမ်းများသည် မဝေးတော့သော အနာဂတ်တွင် ဈေးနှုန်း မြင့်တက်လာမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များသည် ပြီးခဲ့သည့် ၂ နှစ် ၃ နှစ် ထက်စာလျှင် အတော်လေး မြင့်တက်လာနိုင်သည့် အတွက် ပြင်ဆင်ထားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

စတိုးဆိုင်များရှိ ကော်ဖီဈေးနှုန်းသည် ကုန်ကြမ်းကုန်ကျစရိတ်အပြင် ငွေကြေးလဲလှယ်နှုန်း၊ စွမ်းအင်အခွန်အခနှင့် အခြား အခွန်အခများ၊ လက်လီရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ် စသည့် အကြောင်းခံများစွာပေါ် မူတည်လျက် ရှိကြောင်း၊ ကုန်ကြမ်းကုန်ကျစရိတ်များ မြင့်တက်လာလျှင် ကော်ဖီကုန်ချောထုတ်လုပ်ရန် ကုန်ကျစရိတ်လည်း မြင့်တက်လာလိမ့် မည် ဖြစ်ပြီး စားသုံးသူများအတွက် နောက်ဆုံးဈေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း Mr. Ramaz Chanturia က ပြောသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိက တင်သွင်း သောနိုင်ငံများမှ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယား စသည့်နိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံသည် ရာသီဥတု အခြေအနေကြောင့် ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့် နိုင်ငံဖြစ်သည့် အပြင် ကော်ဖီသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့် အလား အလာကောင်းများ ရှိနေကြောင်း သိရသည်။

**Source :** https://ria.ru/20240917/kofe-1973085597.html

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## ဟောင်ကောင်ဒေသရှိဘဏ်များ အတိုးနှုန်းလျှော့ချ

အမေရိကန်ဗဟိုဘဏ်မှ အတိုးနှုန်းလျှော့ချခဲ့ပြီးနောက် ဟောင်ကောင်ဒေသရှိ HSBC ဘဏ်မှ ၎င်းတို့၏ ချေးငွေအတိုးနှုန်းကို ၂၅ basis points (၅ ဒသမ ၈၇၅ မှ ၅ ဒသမ ၆၂၅) သို့ လျှော့ချသွားမည်ဖြစ်ပြီး၊ အဆိုပါ အတိုးနှုန်းလျှော့ချမှုသည် စက်တင်ဘာလ ၂၀ ရက်မှ စတင်သက်ဝင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်ဟု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် rthk သတင်းဌာနမှ “Local banks lower rates following Fed cut” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားသည်။

Bank of China (Hong Kong) နှင့် Standard Chartered ဘဏ်တို့မှလည်း ၎င်းတို့၏ ချေးငွေအတိုးနှုန်းများနှင့် ဟောင်ကောင်ဒေါ်လာ အပ်ငွေများအတွက် အတိုးနှုန်းကို တနင်္လာနေ့မှ စတင်၍ ၀ ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချသွား မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ဗဟိုဘဏ်မှ အတိုးနှုန်းလျှော့ချမှု ကြေညာပြီးနောက် ဟောင်ကောင် ငွေကြေး အာဏာပိုင်အဖွဲ့အစည်းမှလည်း ချေးငွေအတိုးနှုန်းကို ၅ ဒသမ ၇၅ မှ ၅ ဒသမ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း ရေးသား ဖော်ပြထားသည်။

လာမည့်နိုဝင်ဘာလတွင် အမေရိကန်ဗဟိုဘဏ်မှ အတိုးနှုန်း နောက်ထပ် ၀ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချသွားရန် မျှော်မှန်း သော်လည်း ဟောင်ကောင်ဒေသအနေဖြင့် လာမည့်နှစ်အထိ သိသာထင်ရှားသည့် အကျိုးရလဒ် ရရှိနိုင်ဖွယ်မရှိကြောင်း၊ အတိုးနှုန်း ကို neutral အဆင့်တစ်ခုအထိ လျှော့ချနိုင်မှသာ ရရှိလာမည့် အကျိုးသက်ရောက်မှုကို မြင်တွေ့ရနိုင်ဖွယ်ရှိကြောင်း Standard Chartered ဘဏ်ငွေချေးစာချုပ်ဈေးကွက် ပူးတွဲဦးဆောင်သူဖြစ်သည့် Mackie Lau က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

အတိုးနှုန်းလျှော့ချမှုကြောင့် ဟောင်ကောင်ဒေသ၏ အိမ်ခြံမြေဈေးကွက် တိုးတက်လာရန် အိမ်ရာပိုင်ဆိုင်သူများနှင့်

အဆောက်အဦဝယ်ယူမည့်သူများက မျှော်လင့်လျက်ရှိကြောင်း၊ အတိုးနှုန်းလျှော့ချမှုကြောင့် အရောင်းအဝယ်မြင့်တက်လာနိုင်သော်လည်း အိမ်ရာဈေးနှုန်းအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုရှိလာမည်မဟုတ်ကြောင်း Commercial Real Estate Services ကုမ္ပဏီမှ ရာဖြတ်နှင့်အကြံပေးဝန်ဆောင်မှုအကြီးအကဲ Hannah Jeong က ပြောကြောင်း ရေးသားဖော်ပြထား သည်။

**Source : စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံသည် MIP အခြေအနေများမပါရှိဘဲ ဘူတန်မှ ကွမ်းသီးများကိုတင်သွင်းခွင့်ပြု



အိန္ဒိယနိုင်ငံသည် Hatisar (Odisha) နှင့် Drranga (Assarn) ၏ မြေယာအကောက်ခွန်စခန်း (LCS)မှတစ်ဆင့် ဘူတန်နိုင်ငံအနေဖြင့် အနိမ့်ဆုံးဈေးနှုန်းအခြေအနေမရှိဘဲလတ်ဆတ်သောကွမ်းသီးများအား တင်သွင်းခွင့်ပြုခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန (DGFT) ၏ အသိပေးချက်တွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဘူတန်နိုင်ငံမှ အနိမ့်ဆုံးတင်သွင်းဈေး (MDP) သတ်မှတ်ချက်မရှိဘဲ ကွမ်းသီးစိမ်းတန်ချိန် ၁၇၀၀၀ တင်သွင်းခွင့်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အစိုးရက ပြည်တွင်းတောင်သူများအား အကာအကွယ်ပေးရန်အတွက် အနိမ့်ဆုံး တင်သွင်းဈေး (MIP) ၂၅၁ ရူပီး သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် တစ်ကီလိုလျှင်ဈေးနှုန်း ၂၅၁ ရူပီးနှင့် အထက်ရှိသောကွမ်းသီးများအား တင်သွင်းခွင့်ပြုခဲ့သည်။ လက်ရှိဆိပ်ကမ်းနှစ်ခုအပြင် ဘူတန်နိုင်ငံမှ အနိမ့်ဆုံးဈေးနှုန်းအခြေအနေ (MIP) မရှိဘဲ လတ်ဆတ်သောကွမ်းသီး(အစိမ်း) တန်ချိန် ၁၇၀၀၀ အား LCS Hatisar နှင့် LCS Darranga တို့မှ တင်သွင်းခွင့် ပြုသွားမည်ဖြစ်ကြောင်း DFGT မှပြောကြားခဲ့ကြောင်း သိရသည်။

**SOURCE: economictimes**

https://www.doca.gov.mm/

## ထိုင်း Amata က လာအိုကို တရုတ်ကုန်ထုတ်လုပ်မှုဗဟိုချက်အဖြစ်ပြောင်းရွှေ့ရန်ရည်ရွယ်

ထိုင်းနှင့်ဗီယက်နမ်၌ စက်မှုဇုန်များနှင့်ပတ်သက်၍ လူသိများသော ထိုင်းဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Amata သည် လာအို၌ အရေးပါသော စီမံချက်တစ်ခုကို စတင်နေပြီဖြစ်သည်ဟု သိရသည်။

အဆိုပါစီမံချက်သည် လာအိုနိုင်ငံ၌ အဓိကကျသည့် စက်မှုဇုန်တစ်ခုကို တည်ထောင်ကာ တရုတ်နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံသူများကို လာအိုသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

အမေရိကန်နှင့်တရုတ်အကြား တင်းမာမှုများရှိနေသည့်အတွက် တရုတ်နိုင်ငံမှထုတ်လုပ်သူများကို အခြား တစ်နေရာသို့ ရွှေ့ပြောင်းရန်ကြိုးပမ်းဖို့ ရည်မှန်းထားခြင်းလည်းဖြစ်သည်။

Amata တည်ထောင်သူဥက္ကဋ္ဌ Vikrom Kromadit ကမူ လာမည့်အမေရိကန်သမ္မတရွေးကောက်ပွဲနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးမရေရာမသေချာမှုများသည် နိုင်ငံခြားကုမ္ပဏီများ အခြားသို့ တိုးချဲ့လုပ်ကိုင်ရန် အခွင့်အလမ်းများရှာဖွေနိုင်သည့် တွန်းအားဖြစ်နိုင်ကြောင်း ပြောသည်။

မကြာသေးမီက နစ်ကေးအေးရှားနှင့် အင်တာဗျူးတစ်ခုတွင် Kromadit သည် ကုမ္ပဏီများအတွက် အလားအလာရှိသော အသက်သွေးကြောတစ်ခုအဖြစ် နိုင်ငံရပ်ခြားသို့လုပ်ငန်းချဲ့ထွင်မှု၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့ပြီး ဒေသတွင်း ကုန်ထုတ်လုပ်မှု ဆိုင်ရာ အပြောင်းအလဲများကိုလည်း ပြောကြားခဲ့ကြောင်းသိရသည်။

**Source : The Laos Time**

https://www.popularmyanmar.com/

# STOCK EXCHANGE (25.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 25th Sep. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 68,089 (Shares) | 188,469,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 1,771 | 15,408,000 | 33,109,694 | 291,365 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,450 | 3,450 | 3,450 | 779 | 2,687,550 | 38,929,150 | 134,306 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 10 | 88,000 | 10,400,986 | 91,529 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,850 | 1,850 | 1,850 | 34,058 | 63,007,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 30 | 88,500 | 12,823,224 | 37,829 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 728 | 1,244,250 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 13 | 58,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,400 | 700 | 2,387,500 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 25th Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.85 | -1.24 | -0.30% | 408.72 | 409.85 | 407.56 | 38,089 | 84,969,600 | 8 | 773,045 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

- -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 26th Sep. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,426 (Shares) | 22,029,800 (MMK) |

| MYANPIX | 409.06 ▼ 0.79 |
|---|---|
| Total Volume (shares) | 8,426 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,564 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 200 |
| FPB | 00004 | 1,900 | ▲ 50 |
| TMH | 00005 | 2,800 | ▼ 150 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 50 |